## မာတိကာ


စာရေးသူ၏အမှာ ၁
ဒဂုန်တာရာ ၏ အမှာ ၃
ဦးတင်ဦး (နာယက) သဘာပတိပတိအဖွဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ၏ အမှာ ၅
ဟံသာဝတီ ဦးဝင်းတင်၏ အမှာ ၈
ကျေးဇူးစကား ဖြိုးမောက်သာ စာပေ ၁၀
ဓါတ်ပုံမှတ်တမ်းများ ၁၁
အပိုင်း ၁။ ၁၃၀၀ ပြည့်အရေးတော်ပုံနှင့် ရဲဘော်သုံးကျိပ်ဂျပန်ပြည်စစ်ပညာသင်ကာလ
ဇာတိချက်ကြွေ သုံးဆယ်မြေ ၂၇
ရန်ကုန်သို့ ပြောင်းရွှေ့ခြင်း ၃၀
ကုလား-ဗမာအဓိကရုဏ်း ၃၁
ဗိုလ်အောင်ကျော်ကျပြီ ၃၁
တို့ဗမာအစည်းအရုံးအသင်းဝင်ခြင်း ၃၆
ရဲဘော်သုံးကျိပ်၏နိဒါန်း ၃၉
ဟိုင်နန်ကျွန်း ဂျပန်စစ်သင်တန်း စတင်ခြင်းနှင့် ပြင်းထန်ပင်ပန်းဆင်းရဲခြင်း ၅၀
လက်နက်ကိုင်ရပြီ ၅၁
ဂျပန်များနှင့် ဆက်ဆံရေးမပြေပြစ်ခြင်း ၅၂
ဗိုလ်နေဝင်း စစ်ဦးစီးချုပ်မှ ထောက်ပံ့ရေးမှူးကြီးသို့ ရာထူးလျှော့ချခြင်း ၅၈
ဗိုလ်နေဝင်းက ဗိုလ်ချုပ်အောင်ဆန်းအပေါ် လူအများအရှေ့တွင်
ပြောင်ရန်တွေ့စကားများခြင်း ၅၈
ဗိုလ်ချုပ်အောင်းဆန်းတို့က ဗိုလ်နေဝင်းကို စစ်တပ်မှ ထုတ်ပစ်ရန် စီစဉ်စိုင်းပြင်းခဲ့ခြင်း ၅၉
ဗိုလ်ချုပ်လက်ျာ ၆၁
ဟိုင်နန်ကျွန်း ညတိုက်ပွဲ စစ်လေ့ကျင့်ခန်းများ ၆၃
ဗိုလ်မြင့်အောင် ၆၃
ဗိုလ်ရန်အောင် ၆၅
ဘီအိုင်အေတပ်ကြီးဖွဲ့ပြီ ၇၁
အပိုင်း ၂။ ဘီအိုင်အေ၊ ဘီဒီအေနှင့် ဖက်ဆစ်တော်လှန်ရေးကာလ
မြစ်ဝကျွန်းပေါ်မှ ကရင်ပုန်ကန်မှု ၇၉
ဘီအိုင်အေတိုးချဲ့ဖွဲ့စည်းခြင်း ၈၂
ဗမာပြည်ကွန်မြူနစ်ပါတီဝင်ဖြစ်လာခြင်း ၈၈
ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ဖတပလ၏နိဒါန်း ၉၂
အိမ်ထောင်ပြုရန် ဆုံးဖြတ်ခြင်း ၉၈
ဖက်ဆစ်ဆန့်ကျင်ရေးအပိုင်း(၁) ၁၀၂
ဖက်ဆစ်ဆန့်ကျင်ရေးအပိုင်း(၂) ၁၀၃
ဖက်ဆစ်ဂျပန်ကို တော်လှန်ရေး ရက်သတ်မှတ်ခြင်း ၁၀၆
နေသူရန်လူထုအစည်းအဝေးကြီးတွင် တင်သွင်းသော မိန့်ခွန်းမှကောက်နုတ်ချက်များ ၁၀၉
အခြားမှတ်သားဖွယ်ရာအကြောင်းအရာများ ၁၁၉
အပိုင်း၃။ စစ်ပြီးခေတ် နေသူရိန် လူထုအစည်းအဝေး၊ လွတ်လပ်ရေး ရယူခြင်းနှင့် ပြည်တွင်းစစ်ဦးကာလ
ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဒုတိယအကြိမ်မြောက်ကွန်ကရက် ၁၂၅
နေသူရိန် လူထုအစည်းအဝေးကြီး ၁၂၈
ကန္ဒီအစည်းအဝေးနှင့်စာချုပ် ၁၃၀
အထူးဗိုလ်သင်တန်း ၁၃၂
၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် ၁၃၃
နှစ်ငါးဆယ်မြောက် အာဇာနည်နေ့ ဘီဘီစီနှင့် တွေ့ဆုံမေးမြန်းချက် ၁၃၄
သေနတ်ကိုင်ခြေလျှင်တပ်ရင်း (၃) ရန်ကုန်မြို့သို့ ပြောင်းရွှေ့ရခြင်း ၁၄၇
ရခိုင်ပြည်နယ် ဆူပူပုန်ကန်မှု ၁၄၇
တီဘီအဆုတ်ရောဂါကုသနေစဉ်အတွင်း အဖြစ်အပျက်များ ၁၄၇
မြောက်ပိုင်းတိုင်းမှူး ၁၅၀
ဗိုလ်မှူးချုပ်အောင်သင်းအကြောင်း ၁၅၂
အင်းစိန်တိုက်ပွဲကြီး ၁၅၅
တောင်ငူမြို့မှ ဆင်းလာသော ဒုဗိုလ်မှူးကြီး စောမင်းမောင် ဦးစီးသော ကရင်တပ်ဖွဲ့ ၁၅၉
သူပုန်တို့၏ ဒုတိယအကြိမ်ထိုးစစ် ၁၆၄
အင်းစိန်တိုက်ပွဲ အဆုံးသတ် ၁၆၄
အင်းစိန်စစ်မျက်နှာ ၁၆၆
မိုးကြိုးစစ်ဆင်ရေး ၁၇၃
အပိုင်း၄။ နိုင်ငံခြားခရီးစဉ်များနှင့် တရုတ်ဖြူကျူးကျော်မှုတိုက်ပွဲများ
ဗိုလ်ချုပ်နေဝင်း အနောက်နိုင်ငံများသို့ ခရီးထွက်ခြင်း ၁၇၉
ကျွန်တော်၏ နိုင်ငံခြားခရီးများ ၁၈၄
တရုတ်ဖြူ သို့မဟုတ် ကူမင်တန်များ၏ ကျူးကျော်မှုသမိုင်းအကျဉ်းချုပ် ၁၉၀
မြောက်ပိုင်းတိုင်းမှူးအဖြစ်ပြောင်းရခြင်း ၁၉၄
ဘုရင့်နောင် စစ်ဆင်ရေးကြီး ၁၉၆
ရန်ကြီးအောင်စစ်ဆင်ရေးကြီး ၂၀၆
တရုတ်ဖြူစစ်မျက်နှာ ၂၀၇
အပိုင်း၅။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် လွတ်မြောက်ဒေသသို့ ထွက်ခွာခြင်း
အသံမထွက်သော တော်လှန်ရေးတရပ် ၂၂၉
နယ်စည်းရုံးရေးဟောပြောပွဲ ၂၄၄
ဆရာကြီးမှိုင်း၏ နောက်ဆုံးနေ့ရက်များ ၂၅၇
ဆီဆုံလမ်းမှ အိမ်ကလေး ၂၆၄
ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် ၂၆၇
လေထီးဗိုလ်အုန်းမောင် ၂၆၈
လွတ်မြောက်ဒေသသို့ ထွက်ခွာခြင်း ၂၇၅
ကျမ်းကိုးစာရင်း
စာရေးသူကိုယ်တိုင် ရေးသားခဲ့သည့် စာအုပ်များ ၂၈၃
အခြားစာအုပ်များ ၂၈၄
နောက်ဆက်တွဲများ
၁။ တိုင်းပြည်သို့တင်ပြချက် ၂၈၅
၂။ ထွန်းတောက်ဆဲ ကြယ်နီသို့ပို့တဲ့ ကဗျာသဝဏ် ၂၈၅
၃။ လွမ်းမောစရာ ကဗျာတပုဒ်လိုပါပဲလား၊ ဒေါ်ဒေါ် ၂၉၇
၄။ ဦးတင် သို့ဦးတင် လို့ကန်တော့ပန်း ၂၉၉


## ဗိုလ်မှူးချုပ်ကျော်ဇော
## သက်တော်ရာကျော်ရှည်ပါစေ



ဗိုလ်မှူးချုပ်ကျော်ဇောကို ငယ်စဉ်ကာလကစလို့ ဘဝတစ်လျှောက်လုံး ကျွန်တော် ကြည်ညိုလေးစားခဲ့တယ်။ စစ်သူရဲကောင်းကြီးတစ်ယောက်လို၊ နိုင်ငံရေးသူရဲကောင်းကြီးတစ်ယောက်လို ကျွန်တော်မျှော်ငေးရှုမြင်ဆင်ခြင်သုံးသပ်ခဲ့တယ်။

ရဲဘော်သုံးကျိပ်ဝင်အဖြစ် သူ ဗိုလ်ချုပ်အောင်းဆန်းနှင့်အတူ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့တယ်။ လွတ်လပ်ရေးအောင်ပန်း ဆွတ်ခူးခဲ့တယ်။ စစ်ခေါင်းဆောင်တစ်ဦးအဖြစ်နဲ့ တပ်မတော်နဲ့အတူ တရုတ်ဖြူကျူးကျော်စစ်ကို တွန်းလှန်မောင်းထုတ်ခဲ့တယ်။ အမျိုးသားအောင်ပွဲခံခဲ့တယ်။

သူနဲ့ခေတ်ပြိုင် စစ်အာဏာရှင်ဂိုဏ်းက စွဲချက်လိမ်တွေနဲ့သူကို မတရားစီရင်ခဲ့တယ်၊ တပ်မတော်က ထုတ်ပယ်ဖြစ်ခဲ့တယ်။ စစ်အာဏာရှင်ဂိုဏ်းဟာ ပြည်သူ့လွတ်လပ်မှုဆန့်ကျင်ရေး၊ ပြည်တွင်းငြိမ်းချမ်းမှုဖျက်စီးရေးအင်အားစုအဖြစ် ရပ်တည်ခဲ့တယ်။

သူဟာ ပြည်သူ့နှလုံးသားထဲကလူ၊ ပြည်သူ့သူရဲကောင်း၊ ပြည်သူ့ခေါင်းဆောင်။

ပြည်သူ့ဘက်သား အမှန်တရားရဲဘော်အဖြစ် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့်အတူ သူ ပြည်တွင်းငြိမ်းချမ်းရေး တိုက်ပွဲဝင်တယ်။ သူ အောင်ပန်းမဆွတ်နိုင်ခဲ့ဘူး။

နိုင်ငံရေးသမား ပြည်သူ့လွတ်လပ်မှုဘက်သားအဖြစ် ဗမာပြည်ကွန်မြူနစ်ပါတီနဲ့အတူ သူ နိုင်ငံရေးတိုက်ပွဲဝင်တယ်။ သူ အောင်ပွဲမခံနိုင်ခဲ့ဘူး။

ဗိုလ်မှူးချုပ်ကျော်ဇောနိုင်ငံရေးအတွေ့အကြုံတွေကိုကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိနဲ့မှတ်တမ်းတင်ခဲ့တယ်။

ကျွန်တော်တို့နိုင်ငံမှာ အမျိုးသားလွတ်လပ်ရေး တိုက်ပွဲအတွေ့အကြုံတွေ အများကြီးရှိခဲ့တယ်၊ ငြိမ်းချမ်းရေး ကြိုးပမ်းမှုအတွေ့အကြုံတွေ အများကြီးရှိခဲ့တယ်။ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအတွေ့အကြုံတွေ အများကြီးရှိခဲ့တယ်။ ဖက်ဆစ်အကျဉ်းစခန်း၊ ကိုလိုနီထောင်စခန်း၊ စစ်အာဏာလူ့ငရဲစခန်း အတွေ့အကြုံတွေအများကြီး ရှိခဲ့တယ်။

ဒီလိုအတွေ့အကြုံတွေ၊ အသိအမြင်တွေ၊ အတွေးအခေါ်တွေကို မှတ်တမ်းမတင်နိုင်သလောက်နီးနီး ပျက်ကွက်ခဲ့ကြတယ်။ ဒါကြောင့် ကျွန်တော်တို့ရှေ့နောက် မျိုးဆက်အတော်များများဟာ နိုင်ငံရေးအသိအမြင်၊ အတွေးအခေါ် ဆိုးရွားခေါင်းပါးခဲ့ရတယ်။

ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောကတော့ တာဝန်သိသိ နိုင်ငံရေးအတွေးအခေါ် မှတ်တမ်း၊ ငြိမ်းချမ်းရေး အမြော်အမြင်မှတ်တမ်း၊ စစ်ရေးအတွေ့အကြုံမှတ်တမ်းစာအုပ်ကြီး ရေးခဲ့တယ်။

ဒီမှတ်တမ်းစာအုပ်ကြီးမှာ အမှတ်တရစကား ရေးသားခွင့်ရလို့ ကျွန်တော် ဂုဏ်ယူတယ်။

ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောဟာ အသက် ၉၀ ကျော်မှာ ကွယ်လွန်ခဲ့ရှာပါပြီ။ စစ်သားအိုကြီး၊ နိုင်ငံရေးခေါင်းဆောင်အိုကြီး၊ ငြိမ်းချမ်းရေးသမားအိုကြီး မသေပါဘူး။ သူ့စာပေမှတ်တမ်းနဲ့အတူ အသက်ရှင်သန်နေမှာပါ။

ဗိုလ်မှူးချုပ်ကျော်ဇော သက်တော်ရာကျော်ရှည်ပါစေ။

ဟံသာဝတီဦးဝင်းတင်
၂၀၁၂ အောက်တိုဘာ ၁၅